## လယ်ယာကဏ္ဍအတွက် အသုံးဝင်မယ့်

# ဥပဒေဆိုင်ရာအမေးအဖြေအချို့




# GUIDE BOOK

United Nations
Educational, Scientific and
Cultural Organization

Livelihoods and Food
Security Trust Fund

စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး

Produced by Internews
Local voices. Global change.

In collaboration with

MDL-008/AYA-015/CH-030/RK-039MDL-008/AYA-015/CH-030/RK-039

# မာတိကာ


၁။ သွင်းအားစု/ဓာတ်မြေဩဇာဆိုင်ရာ မေးခွန်းများ

၂။ မျိုးစေ့ဆိုင်ရာ သိကောင်းစရာများ

၃။ လယ်ယာမြေ ပိုင်ဆိုင်ခွင့်ဆိုင်ရာမေးခွန်းများ

၄။ ပင်လယ်ပြင် နဲ့ ကမ်းနီးငါးဖမ်းခြင်းဆိုင်ရာ သိကောင်းစရာများ

၅။ နှစ်ရှည်သီးနှံ ဥယျာဉ်ခြံမြေဆိုင်ရာမေးခွန်းများ

# ၁။ သွင်းအားစု / ဓာတ်မြေဩဇာဆိုင်ရာမေးခွန်းများ

**အမေး –** သွင်းအားစု၊ ဓာတ်မြေဩဇာနဲ့ပတ်သက်ပြီး တောင်သူတွေဘက်က ဥပဒေအရ ရပိုင်ခွင့်တွေက ဘာတွေလဲ။ လူကို အသက်အန္တရာယ်ဖြစ်စေတာမျိုး၊ စိုက်ခင်း၊ သီးနှံတွေကို ပျက်စီးစေတာမျိုးဆိုရင် အရောင်းကုမ္ပဏီရဲ့ အာမခံမှုက ဘာတွေလဲ။ ဘယ်လိုဓာတ်မြေဩဇာတွေသုံးရင် ဥပဒေနဲ့ ငြိစွန်းသလဲ။ ဘယ်ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာက တရားဝင်၊ မဝင် ဘယ်လိုသိနိုင်မလဲ။

---

**အဖြေ –** မြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ရွက်ဖြန်းမြေဩဇာ၊ ဇီဝမြေဩဇာနဲ့ အပင်ကြီးထွားမှုအားပေးဆေး Plant Growth Regulators များမှာ ၎င်းတို့ကို သုံးစွဲရန် အညွှန်းနဲ့ သတိပြုရန်အချက်တွေကို မြန်မာဘာသာနဲ့ ဖော်ပြဖို့ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် မြန်မာစာ အညွှန်းမပါသော (သို့မဟုတ်) မြန်မာစာအညွှန်းပါသော်လည်း မှတ်ပုံတင်အမှတ်မပါသော ရွက်ဖြန်းမြေဩဇာ၊ ဇီဝမြေဩဇာ နဲ့ အပင်ကြီးထွားမှုအားပေးဆေး (PGRS)တွေကို တရားဝင် ထုတ်ကုန်အဖြစ် သတ်မှတ်လို့ မရပါဘူး။

မှတ်ပုံတင်ထားသော ဆေးများကို အညွှန်းအတိုင်းသုံးစွဲသော်လည်း သီးနှံများ ထိခိုက်မှုရှိလျှင် သက်ဆိုင်ရာ ကုမ္ပဏီများမှ လိုအပ်သလို ပံ့ပိုးကူညီဖြေရှင်းပေးကြရပါတယ်။ လိုအပ်လျှင်တော့ သီးနှံကာကွယ်ရေးဌာနက ပါဝင် ဖြေရှင်းပေးရပါတယ်။

**မြန်မာစာအညွှန်းပါသော်လည်း မှတ်ပုံတင်အမှတ်မပါသော ပိုးသတ်ဆေးတွေဟာလည်း တရားမဝင် ပိုးသတ်ဆေးများသာ ဖြစ်ပါတယ်။**

ဓာတ်မြေဩဇာကို ဘာကြောင့် အသုံးပြုခွင့်ပေးတာလဲဆိုတော့ မြေဩဇာဥပဒေ၊ (၂၀၀၂)က ဥပဒေရဲ့ ရည်ရွယ်ချက်ထဲမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊ မြေဩဇာလုပ်ငန်းတွေကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းမီတဲ့ မြေဩဇာကို သုံးစွဲနိုင်ရန်၊ သင့်လျော်တဲ့မြေဩဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာ ထိန်းသိမ်းရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုဖို့အတွက် ဖြစ်ပါတယ်။

**မြေသြဇာဥပဒေပါတားမြစ်ချက်တွေအရ မြေသြဇာရဲ့စံချိန်စံညွှန်းပြည့်ဝရေးကိုဦးစားပေးထားပါတယ်။ ဆိုလိုတာက စံချိန်စံညွှန်း မပြည့်ဝတဲ့ ဓာတ်မြေသြဇာကို ရောင်းချခဲ့ရင် ဥပဒေအရတရားစွဲလို့ရပါတယ်။**

**အမေး –** ဥပဒေထဲမှာ သတိပြုဖွယ်ရာ တားမြစ်ချက်တွေက ဘာတွေလဲ

---

**အဖြေ –** **လိုင်စင်မရှိဘဲစီးပွားဖြစ်မှောင်ခိုလုပ်ဆောင်နေမှုများ**

- မြေသြဇာဥပဒေပုဒ်မ ၃၁ အရ

မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

- မြေသြဇာဥပဒေ ပုဒ်မ ၃၂ အရ

မည်သူမျှ လိုင်စင်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

■ မြေသြဇာဥပဒေ ပုဒ်မ ၃၃ အရ
မည်သူမျှ မြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်း နှင့် ကိုက်ညီခြင်းမရှိသော မြေသြဇာကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

■ မြေသြဇာဥပဒေ ပုဒ်မ ၃၄ အရ
မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော မြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

■ မြေသြဇာဥပဒေ ပုဒ်မ ၃၅ အရ
မည်သူမျှ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်းမပြုရ။

**အမေး –** မြေသြဇာကြောင့် စိုက်ခင်းပျက်စီးရင် ကုမ္ပဏီကို ဥပဒေကြောင်းအရ တောင်းဆိုလို့ရလား။ ဘယ်လိုအဆင့်တွေရှိလဲ။

---

**အဖြေ –** ဥပဒေကြောင်းအရတောင်းဆိုလို့ရပါတယ်။ တောင်သူတွေအနေနဲ့ မြေသြဇာကြောင့် စိုက်ခင်းပျက်စီးကြောင်း အထောက်အထားနဲ့ သက်သေပြဖို့တော့လိုပါလိမ့်မယ်။

# ပြစ်မှုနှင့်ပြစ်ဒဏ်များ

- မြေသြဇာဥပဒေ ပုဒ်မ ၃၆ အရ မည်သူမျှ ပုဒ်မ ၃၁၊ ၃၂၊ ၃၃ သို့မဟုတ် ၃၄ ပါ တားမြစ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၃နှစ်အထိဖြစ်စေ၊ငွေဒဏ် ကျပ် ၁၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။
  ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းဖို့ အမိန့်ချမှတ်မှာ ဖြစ်ပါတယ်။

- ပုဒ်မ ၃၇ အရ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ပါရှိပါတယ်။
  ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းတွေကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းဖို့ အမိန့်ချမှတ်ရန် ဥပဒေမှာ ပါရှိပါတယ်။

# ၂. မျိုးစေ့ဆိုင်ရာသိကောင်းစရာများ

**အမေး –** မျိုးစေ့ဥပဒေထဲက တောင်သူတွေ မဖြစ်မနေ သိရမယ့် အချက်ကဘာလဲ။ တခြားနိုင်ငံက ထုတ်လုပ်တဲ့မျိုးစေ့တွေကို စိုက်ပျိုးတာတရားဝင်လား၊ မဝင်ရင် ဘယ်လိုဥပဒေတွေရှိလဲ။

---

**အဖြေ –** မျိုးစေ့ဝယ်ယူသုံးစွဲသူ တောင်သူလယ်သမားများအနေဖြင့် မျိုးသစ် အသိအမှတ်ပြုလက်မှတ် နှင့် လုပ်ငန်းလိုင်စင်ရရှိထားတဲ့ မျိုးတွေကို အသုံးပြုကာ မျိုးစေ့ရဲ့ အရည်အသွေးညံ့ဖျင်းမှုကြောင့် ဆုံးရှုံးနစ်နာမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ အရ မျိုးစေ့တန်ဖိုးအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ငွေ ဆုံးရှုံးမှုအတွက် သက်ဆိုင်ရာ ဥပဒေ နှင့်အညီ မျိုးစေ့ ဖြန့်ဖြူးရောင်းချသူများထံ လျော်ကြေး တောင်းခံနိုင်ခွင့်ရှိပါတယ်။

မျိုးစေ့ဥပဒေ ပုဒ်မ ၃၁ အရ တောင်သူလယ်သမား တစ်ဦးဦးက မိမိထုတ်လုပ်တဲ့ မျိုးစေ့ကို အခြားတောင်သူလယ်သမားအား စီးပွားရေးအလို့ငှာမဟုတ်သော ဖြန့်ဖြူးရောင်းချခြင်းနဲ့ မျိုးပွားခြင်းမဟုတ်ဘဲ အသီး၊ အပွင့်၊ အပင် နဲ့ အပင်ရဲ့အစိတ်အပိုင်းတို့ကို ဖြန့်ဖြူးရောင်းချခြင်းတို့ကို မျိုးစေ့ဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့ သက်ဆိုင်ခြင်း မရှိစေရလို့ ပါရှိပါတယ်။

**တောင်သူလယ်သမားအချင်းချင်း စီးပွားရေးအရ မဟုတ်သော ဖြန့်ဖြူးရောင်းချခြင်း သို့မဟုတ် မျိုးပွားခြင်းမဟုတ်ဘဲ ဖြန့်ဖြူးရောင်းချမှုက မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိပါ။**

စီးပွားရေးအလို့ငှာ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ပါက မျိုးစေ့ဥပဒေ ပုဒ်မ ၁၆ အရ လိုင်စင်ရရှိရန် သတ်မှတ်ချက်တွေနဲ့ အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ သီးနှံအမျိုးအစား တစ်မျိုးချင်းအလိုက် လိုင်စင်သီးခြားလျှောက်ထားရပါမယ်။

မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၃၀ အရ မျိုးစေ့ကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသူဟာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ် ရရှိပြီးသည့် မျိုးများ၊ မိဘမျိုးလိုင်းများ နဲ့ နှစ်ရှည်သီးနှံမျိုးများကိုသာ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့်ရှိပါတယ်။

ပုဒ်မ ၂၈၊ ၂၉ အရ ပြစ်မှုထင်ရှားပါက ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရပါမယ်။ ပြစ်မှုနဲ့ဆိုင်တဲ့ သက်သေခံပစ္စည်းတွေကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရမှာဖြစ်ပါတယ်။

**အမေး -** မျိုးစေ့ကို မသမာတဲ့နည်းလမ်းနဲ့ ရောင်းချတာကိုသိရင် တိုင်ကြားလို့ရလား။ ဘယ်လိုပုံစံနဲ့ တိုင်လို့ရမလဲ။

---

**အဖြေ -** မျိုးစေ့ကို မသမာတဲ့နည်းလမ်းနဲ့ ရောင်းချတဲ့ကုမ္ပဏီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဖွဲ့စည်းထားသော မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တိုင်ကြားနိုင်ပါတယ်။

မျိုးစေ့ဥပဒေ အခန်း(၁၀)တားမြစ်ချက်များ အခန်းမှာ မည်သူမျှ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားခြင်းမရှိသော အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းမပြုရ၊ မည်သူမျှ လိုင်စင်မရှိဘဲ မျိုးစေ့လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။ လိုင်စင်ရရှိသူ မည်သူမျှ မျိုးစေ့အရည်အသွေးအာမခံချက်နဲ့ ကိုက်ညီခြင်းမရှိတဲ့ မျိုးစေ့ကိုသော်လည်းကောင်း၊ မျိုးစေ့အရည်အသွေးစစ်ဆေးမှုခံယူခြင်းမပြုရသေးတဲ့ မျိုးစေ့ကိုသော်လည်းကောင်း ဖြန့်ဖြူးခြင်းမပြုရလို့ ပါရှိပါတယ်။ဒါ့အပြင် မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မျိုးစေ့အရည်အသွေး စစ်ဆေးခန်းကို ဖွင့်လှစ်ခြင်းမပြုရလို့လည်း ပါရှိပါတယ်။

# ၃. လယ်ယာမြေပိုင်ဆိုင်ခွင့်ဆိုင်ရာမေးခွန်းများ

**အမေး –** ပုံစံ (၇) ဆိုတာဘာလဲ။ ဘယ်လို မြေအမျိုးစားတွေကိုပုံစံ (၇) လျှောက်ထားနိုင်လဲ။

---

**အဖြေ –** ပုံစံ(၇)ဆိုတာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပါ။
မြေလွတ်၊ မြေလပ် နဲ့ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီထံမှ
မြေလွတ်၊မြေလပ်နဲ့ မြေရိုင်းလုပ်ပိုင်ခွင့် ရရှိထားသူဟာ မိမိလုပ်ကိုင်နေသော
မြေလွတ်၊မြေလပ်နဲ့ မြေရိုင်းဧရိယာအားလုံးကိုမြေလွတ်၊မြေလပ်နှင့်
မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ
စိုက်ပျိုးပြီးနောက် စိုက်ပျိုးရေး တည်ငြိမ်တဲ့အခြေအနေမှတ်တမ်းတွေနဲ့
ခိုင်လုံတဲ့ အထောက်အထားတွေနဲ့တွဲပြီး မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းကို
လယ်ယာမြေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးရန် (ပုံစံ ၁၀) ဖြင့် ဗဟိုလယ်ယာ
မြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားနိုင်ပါတယ်။

**အမေး -** ပုံစံ(၇)လျှောက်ထားဖို့ တောင်သူတစ်ဦးမှာ ဘာအထောက်အထားတွေလိုအပ်သလဲ။

---

**အဖြေ -** လယ်ယာမြေကိုလုပ်ကိုင်နေတဲ့တောင်သူဟာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စဉ်မှာ မိမိတို့ရဲ့ လယ်ယာမြေအတွက် လုပ်ပိုင်ခွင့်လက်မှတ်ရရှိဖို့ လျှောက်ထားနိုင်ခွင့် တောင်းဆိုနိုင်ခွင့်ပြုထားပါတယ်။ ဒါကြောင့် မိမိမြေအတွက် ပုံစံ(၇)ထုတ်ပေးဖို့တောင်းခံနိုင်ပါတယ်။ မိမိလယ်ယာမြေကို လက်ရှိအသုံးပြုလုပ်ကိုင်သူ၊ လုပ်ပိုင်ခွင့်ရထိုက်သူ မည်သူမဆို လျှောက်ထားခွင့်ပေးထားတာကြောင့် အမွေဆက်ခံရရှိသူနဲ့ တရားဝင် ဥပဒေနဲ့ အညီလွှဲပြောင်းရရှိသူတွေလည်း လျှောက်ထားနိုင်ပါတယ်။

**မိမိလယ်ယာမြေကိုလက်ရှိအသုံးပြုလုပ်ကိုင်သူ၊ လုပ်ပိုင်ခွင့်ရထိုက်သူ မည်သူမဆို ပုံစံ (၇) လျှောက်ထားခွင့်ပေးထားတာကြောင့် အမွေဆက်ခံရရှိသူနဲ့ တရားဝင်ဥပဒေနဲ့အညီ လွှဲပြောင်း ရရှိသူတွေလည်း လျှောက်ထားနိုင်ပါတယ်။**

**အမေး –** ပုံစံ (၇) မရှိဘဲ မိရိုးဖလာ လုပ်ကိုင်နေတဲ့ တောင်သူတွေအတွက် ဘယ်လိုနစ်နာမှုတွေရှိနိုင်လဲ။

---

**အဖြေ –** ပုံစံ(၇) မရှိရင် စိုက်ပျိုးစရိတ်ချေးငွေမရရှိခြင်းနဲ့ အချိန်မီစိုက်ပျိုးခွင့်မရနိုင်တဲ့ နစ်နာမှုတွေ၊ ဆိုးကျိုးတွေကြုံတွေ့နိုင်ပါတယ်။

**အမေး –** တောင်သူတွေ မိရိုးဖလာမြေယာတွေကို ပုံစံ (၇) လျှောက်ဖို့ ဘာကြောင့်အခက်အခဲဖြစ်တာလဲ။ ဥပဒေကြောင်း အရ ဘာတွေနားလည်ထားဖို့လိုလဲ။ ဘယ်လို အဆင့်တွေရှိလဲ။

---

**အဖြေ –** ဥပဒေအရ လုပ်ရမယ့်နည်းလမ်းတွေက အဆင့်ဆင့်တွေများတဲ့အတွက် ခက်ခဲရခြင်းဖြစ်ပါတယ်။
ဒါကြောင့် ဥပဒေကြောင်းအရ နားလည်စေရန်နဲ့ လုပ်ရမယ့်နည်းလမ်း အဆင့်ဆင့်တွေကို ရေးသားပေးလိုက်ပါတယ်။

ပုံစံ (၇) ဆိုတာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ဖြစ်ပါတယ်။
ဒီလက်မှတ်ရနိုင်ဖို့ လျှောက်ထားရမယ့် နည်းလမ်းတွေကို လယ်ယာမြေဥပဒေ ပုဒ်မ (၄) ကနေ ပုဒ်မ (၆) အထိ အောက်ပါအတိုင်း ပြဌာန်းထားပါတယ်။

(ပုဒ်မ ၄)။ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

(ပုဒ်မ ၅)။ မြို့နယ်ဦးစီးဌာနရုံးဟာ ပုဒ်မ (၄) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နဲ့ စပ်လျဉ်းပြီး သတ်မှတ်ချက်များနဲ့အညီစိစစ်ပြီး သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရပါမယ်။

(ပုဒ်မ ၆)။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဟာ ဤဥပဒေအာဏာ တည်တဲ့နေ့ရက်မှာ တည်ရှိတဲ့ လယ်ယာမြေများနဲ့စပ်လျဉ်းပြီး အောက်ပါလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးမှာ သတ်မှတ်ချက်တွေနဲ့အညီ မှတ်ပုံတင်ကြေးပေးဆောင်စေကာ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပါတယ်။

ပုံစံ (၇) ရရှိဖို့ဆိုတာ .

(၁) တောင်သူလယ်သမား မိသားစုဝင်ဖြစ်ရပါမယ်။
(၂) လယ်ယာမြေကို အသုံးပြုခွင့် ရရှိထားသူဟာ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းအတည်မပြုမီ ကတည်းက လယ်ယာလုပ်ငန်းကို အစဉ်တစိုက် လုပ်ကိုင်ခဲ့သူဖြစ်ရပါမယ်။ (သို့မဟုတ်) ထိုသူက ဥပဒေ၊ နည်းဥပဒေများနဲ့အညီ တရားဝင် အကျိုးခံစားခွင့်လွှဲပြောင်းပေးအပ်ခံခဲ့ရသူ ဖြစ်ရပါမယ်။
(၃) အသက် ၁၈နှစ်ပြည့်ပြီးသူ နိုင်ငံသား၊ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူဖြစ်ရ ပါမယ်။
(၄) အဖွဲ့အစည်းဖြစ်ပါက လယ်ယာမြေကို အသုံးပြုခွင့် ရရှိထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့ဖြစ်ရပါမယ်။

နည်းဥပဒေ ၃ အရ ပုံစံ- (၇) ရယူလိုသူတိုင်းဟာ လျှောက်လွှာ (ပုံစံ-၁) ကို သက်ဆိုင်ရာရပ်/ကျေး အုပ်ချုပ်ရေးမှူးရုံးမှာ အခမဲ့ရယူ၊ ဖြည့်စွက်ရေးသားလက်မှတ်ထိုးပြီး၊ ရပ်/ကျေး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ သို့လျှောက်ထားနိုင်ပါတယ်။

# ၄. ပင်လယ်ပြင်နဲ့ကမ်းနီးငါးဖမ်းခြင်းဆိုင်ရာ သိကောင်းစရာများ

**အမေး –** ဘယ်လို ငါးဖမ်းကိရိယာ အမျိုးစားတွေက တရားဝင်လဲ။ ဘယ်လို ငါးဖမ်းကိရိယာ အမျိုးအစားက တရားမဝင်လဲ။

---

**အဖြေ –** ကမ်းနီးမှာ ပေါက်ကွဲစေတတ်တဲ့အရာတွေအပြင်၊ ငါးဖမ်းရာမှာ ခွင့်ပြုမထားတဲ့ ဓာတုပစ္စည်းတွေနဲ့ဖမ်းရင် ငွေဒဏ် ၅၀၀၀ ကျပ် အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါတယ်။

**အမေး –** အစုအဖွဲ့ ငါးဖမ်းလုပ်ကွက်တွေဆိုတာရှိလား။ ဘယ်လိုမျိုးလဲ။ ပင်လယ်ပြင်နဲ့ ဘယ်နှစ်မိုင်အကွာမှာ ဖမ်းရတာလဲ။ အခြားသိသင့်သော အရာများ။

---

**အဖြေ –** မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကိုပြင်ဆင်တဲ့ ဥပဒေ (၁၉၉၃)မှာ ငါးလုပ်ငန်းဦးစီးဌာနက မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်း ဖမ်းကွက်များကို လိုအပ်သလို သတ်မှတ်လျက် နိုင်ငံသားများအား လုပ်ပိုင်ခွင့်ပြုရမယ်လို့ ဖော်ပြပါရှိပါတယ်။ ပိုင်နက်ပင်လယ်နဲ့ ပင်လယ်ဖုန်ဥပဒေမှာ သတ်မှတ်ထားတဲ့ အခြေခံမျဉ်းတွေကနေ ကမ်းခြေကြားရှိ ငါးဖမ်းကွက်တွေကို နိုင်ငံသားများအား ဦးစားပေးလုပ်ပိုင်ခွင့်ပြုရမယ်လို့ ဖော်ပြထားပါတယ်။

# မြန်မာ့ပင်လယ်ပြင်အတွင်းကမ်းနီး / ကမ်းဝေးလုပ်ကိုင်နေတဲ့ ငါးဖမ်းလုပ်သားတွေအနေနဲ့သတိပြုရမယ့်ဥပဒေပါတားမြစ်ချက်များ

- ☐ မည်သူမျှလိုင်စင်မရှိဘဲ ကမ်းနီးငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။
- ☐ မည်သူမျှလိုင်စင်မရှိဘဲ ကမ်းဝေးငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။
- ☐ လိုင်စင်ရရှိသူသည် လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။
- ☐ လိုင်စင်ရရှိသူသည် ယင်းလိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ။
- ☐ မည်သူမဆို ငါးဖမ်းရာမှာ သုံးစွဲခွင့်မရှိသော ပေါက်ကွဲစေတတ်တဲ့ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ နဲ့ အန္တရာယ်ဖြစ်စေသော အခြားမည်သည့် ပစ္စည်းကိုမျှ သုံးစွဲခြင်း၊ ငါးဖမ်းရေယာဉ်ပေါ်မှာ လက်ဝယ်ထားရှိခြင်း မပြုရ။
- ☐ မည်သူမျှ ငါးအပါအဝင် အခြားရေနေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုအား ညစ်ညမ်းစေရန် သက်ရှိရေသတ္တဝါကိုဖြစ်စေ၊ အရာဝတ္ထုပစ္စည်းတစ်ခုခုကိုဖြစ်စေ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း စွန့်ပစ်ခြင်း မပြုရ။
- ☐ မည်သူမျှ လိုင်စင်မရှိဘဲ ပင်လယ်ထွက်ကုန်ပစ္စည်းများကို ရှာဖွေခြင်း၊စုဆောင်းခြင်းမပြုရ။
- ☐ မည်သူမျှလိုင်စင်မရှိဘဲ မြန်မာ့ပင်လယ်ငါးလုပ်ငန်း/ရေပြင်တွင် အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်း အဖြစ်တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။
- ☐ မည်သူမျှ တာဝန်ဝတ္တရားအရ ဆောင်ရွက်နေသော စစ်ဆေးရေးမှူးအား နှောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းမပြုရ။

# ၅. နှစ်ရှည်သီးနှံ ဥယျာဉ်ခြံမြေဆိုင်ရာမေးခွန်းများ

**အမေး –** ဥယျာဉ်ခြံမြေ၊ စိုက်ပျိုး၊ မွေးမြူရေးစတာတွေအတွက် မြေလိုအပ်ချက်ရှိရင် ဘယ်လို လျှောက်ထားလို့ရလဲ။

---

**အဖြေ –** မြေလိုအပ်ချက်ရှိရင် လယ်ယာမြေနည်းဥပဒေ အခန်း (၁၂) မြေနကျွန်းမြေလုပ်ပိုင်ခွင့် ချထားခြင်း အရ မြေနကျွန်းမြေတွေပေါ်မှာ လုပ်ပိုင်ခွင့်ချထားရေးအတွက် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ ရပ်ကွက်၊ကျေးရွာအုပ်စုအဖွဲ့တို့ နဲ့ ညှိနှိုင်းကာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အတည်ပြုချက်ရအောင်လျှောက် ထားရပါမယ်။ လုပ်ပိုင်ခွင့်ရရှိလျှင် တစ်နှစ်တစ်ရာသီသာ လုပ်ပိုင်ခွင့်ရရှိခြင်းဖြစ်သဖြင့် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလိုဘဲ မြေခွန်ကိုသာ ထမ်းဆောင်ရမယ်။
မှတ်ချက် - မြေနကျွန်းမြေလုပ်ပိုင်ခွင့်အတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နဲ့ ဦးစီးဌာနတွေရဲ့ ထုတ်ပြန်ချက် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေကို လိုက်နာရပါမယ်။

## မြေနုကျွန်းမြေတွေကို လယ်ယာမြေအဖြစ် လုပ်ကိုင်ခွင့်လျှောက်ထားနိုင်ပြီး တစ်နှစ် တစ်ရာသီသာ လုပ်ခွင့်ရှိတာကြောင့် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလိုဘဲ မြေခွန်ကိုသာ ထမ်းဆောင်ရပါတယ်။

**အမေး –** သနပ်ခါး၊ ဝဥ နဲ့ ရာဘာတွေက သစ်တောထွက် ပစ္စည်းလား၊ စိုက်ပျိုးရေး ထွက်ကုန်လား။

---

**အဖြေ –** "သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တော ဦးစီးဌာန က အမိန့်ကြော်ငြာစာအမှတ် (၉၃၁/၂၀၁၇) ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ထွက်ရှိ သော သနပ်ခါး၊ ဖာလာ၊ ဝဥ စတဲ့ သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းတွေကို သစ်တောခွန်ကောက်ခံခြင်းနဲ့ ပတ်သက်ပြီး သနပ်ခါးနဲ့ ဝဥတို့ဟာ သစ်တောဦးစီးဌာနရဲ့ မျှောစာနဲ့ ထောက်ခံချက်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါတယ်။

**ရာဘာပင်ကိုစိုက်ပျိုးရေးထွက်ကုန်အနေနဲ့သတ်မှတ်ထားပြီး ရာဘာထွက်ကုန်ကြမ်းတွေကို နိုင်ငံအနှံ့လွတ်လပ်စွာသယ်ယူခွင့်ကိုတရားဝင်ခွင့်ပြုထားတယ်လို့မြန်မာနိုင်ငံရာဘာစိုက်ပျိုး ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းကပြောထားပါတယ်။**

**အမေး –** တစ်နေရာ နဲ့ တစ်နေရာ သယ်ဆောင်ခွင့်မှာ ဘယ်လို ကန့်သတ်ချက်တွေရှိလဲ။

---

**အဖြေ –** အထက်ပါ ပစ္စည်းတွေဟာ သစ်တောထွက်ပစ္စည်းတွေဖြစ်ပေမယ့် သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းတွေ ဖြစ်တဲ့အတွက်ကြောင့် မျှောစာကင်းလွတ်ခွင့်ကို အမိန့်ကြော်ငြာစာအရ ရရှိထားပါတယ်။

သစ်တောဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ)မှာ ၁။ သစ်တောထွက်ပစ္စည်းထုတ်ယူ ခွင့်ပြုထားတဲ့ နေရာဒေသမှာ သယ်ယူရွှေ့ပြောင်းခြင်း၊ (၂) သတ်မှတ်ထားတဲ့ အရေအတွက်ထက်မပိုသော စီးပွားဖြစ်မဟုတ်သော သစ်မဟုတ်တဲ့ သစ်တော ထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊ (၃) စည်ပင်သာယာ နယ်နိမိတ် တစ်ခုတွင်းရှိ မြို့နယ်တစ်ခုမှ တစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်းကိစ္စတွေ မှာ မြို့နယ်ကျော်ပြီး သယ်ယူရွှေ့ပြောင်းတဲ့အခါ သစ်တောအရာရှိဆီက မျှောစာလျှောက်ထားစရာမလိုဘူးလို့ ဖော်ပြထားပါတယ်။

A Project by

United Nations
Educational, Scientific and
Cultural Organization

Livelihoods and Food
Security Trust Fund

စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး

Produced by

Internews
Local voices. Global change.

In collaboration with